# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (August 22 - 31, 2024)

## ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၃ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် သံဃာ ၁ ပါး၊ ကလေး ၁ ဦးနှင့် အမျိုးသမီး ၇ ဦး ပါဝင်ပါသည်။
- မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၆ ဦးစီ သေဆုံးခဲ့ပါသည်။ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၅ ဦးစီ၊ ပဲခူးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၄ ဦးစီ၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတွင် ၁ ဦးတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၁ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၁ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

- မြန်မာနိုင်ငံအနှံ့အပြားတွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၃၆၃ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ပဲခူးတိုင်းတွင် နေအိမ် ၂၂၁ လုံး၊ စစ်ကိုင်းတိုင်းတွင် နေအိမ် ၁၃၀ လုံး၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေအိမ် ၆ လုံးစီတို့ ဖြစ်ကြပါသည်။

**မုဒိန်းကျင့်ခံရမှု**

- ဩဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ ရေငံရွာမှ လင်မယား ၂ ဦး စစ်တပ်က ဖမ်းဆီးပြီး အမျိုးသမီးဖြစ်သူကို စစ်သားများက မုဒိမ်းကျင့်ခဲ့သည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံအနှံ့အပြားတွင် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အရပ်သားပြည်သူ ၇၉ ဦး ဖမ်းဆီးခံခဲ့ရပြီး မန္တလေးတိုင်းတွင် ၃၃ ဦး၊ ရန်ကုန်တိုင်းတွင် ၂၃ ဦး၊ ဧရာဝတီတိုင်းတွင် ၁၃ ဦး၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတွင် ၅ ဦးစီတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံ အနှံ့အပြားတွင် ဩဂုတ်လ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၃၃ ကြိမ်ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၁၂ ကြိမ်၊ မန္တလေးတိုင်းတွင် ၇ ကြိမ်၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၅ ကြိမ်စီ၊ ချင်းပြည်နယ်တွင် ၂ ကြိမ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။

## ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

### တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ နောက်ဆုံးပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၇၀ ကြိမ် ဖြစ်ပွားခဲ့သည်။ စစ်ကိုင်းတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၁၇ ကြိမ် ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၂ ကြိမ် ဖြစ်ပွားခဲ့သည်။ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတွင် ၈ ကြိမ်စီ၊ မကွေးတိုင်းတွင် ၇ ကြိမ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၆ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၄ ကြိမ်၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်း၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲ ဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဩဂုတ်လ နောက်ဆုံးပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၂၁၅ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၅ ဦး ကျဆုံးခဲ့ပါသည်။

## ၁၀၂၇ စစ်ဆင်ရေး အပိုင်း (၂)

### MDY-PDF နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့ကို ဩဂုတ် ၂၅ ရက်တွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဒုဗိုလ်မှူးကြီး စိုးမင်းသူကို အရှင်ဖမ်းဆီးမိခဲ့ကာ လက်နက်မျိုးစုံ ၆၈ လက် သိမ်းဆည်းရမိခဲ့သည်။ တိုက်ပွဲ ဖြစ်ပွားနေစဉ် စစ်ကောင်စီတပ်ဘက်က ဂျက်တိုက်လေယာဉ်ဖြင့် ဗုံးသီးအလုံး ၇၀ ကျော် နှင့် Y-12 ဖြင့် ဗုံးသီး ၁၅၀ ကျော် ကြဲချတိုက်ခိုက်ခဲ့ပြီး Mi-35 နှစ်စင်းဖြင့်လည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

**TNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နှင့် မိုင်(၂၀)ခန့်ကွာဝေးသော တောင်းခမ်းကျေးရွာရှိ စစ်ကောင်စီ၏ အမြောက်တပ်ရင်း လေးရင်းကို TNLA ပူးပေါင်းတပ်များက ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိရာ မစခ-၉၀၂၊ အမတ(၂၀၆)နှင့် အမတ(၄၀၆)တို့ကို ဩဂုတ် ၂၈ ရက်တွင် သိမ်းပိုက်ရရှိခဲ့သည်။

**MNDAA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဩဂုတ် ၂၁ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်မှ စစ်ကောင်စီ ခြေလျင်တပ်ရင်း ခလရ (၁၄၇)နှင့် စစ်ကောင် စီလက်အောက်ခံ ပြည်သူ့စစ်စခန်းများကို ကိုးကန့်တပ်(MNDAA) က တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

**ဩဂုတ်လ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 22-31, August 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | | | | | | | 13 | | |
| **BAGO** | 8 | | 66 | | | 4 | 5 | | 221 |
| **CHIN** | | 2 | | | | | | | 6 |
| **KACHIN** | 1 | | | | | | | | |
| **KAYIN** | 1 | | 9 | | | | | | |
| **MAGWAY** | 7 | 5 | 45 | | | 1 | | | |
| **MANDALAY** | 8 | 7 | 5 | 1 | | 6 | 33 | | |
| **MON** | 4 | 1 | 14 | | | 5 | | | |
| **RAKHINE** | 6 | 1 | | | | 4 | | | |
| **SAGAING** | 17 | 12 | 42 | 4 | 1 | 6 | | | 130 |
| **SHAN (North)** | 6 | 5 | | | | 5 | | | |
| **TANINTHARYI** | 12 | | 34 | | | 1 | 5 | | 6 |
| **YANGON** | | | | | | | 23 | | |
| **TOTAL** | **70** | **33** | **215** | **5** | **1** | **32** | **79** | | **363** |

# Map of Myanmar Conflict ( August 22-31, 2024 )



## ဩဂုတ်လ နောက်ဆုံးပတ်အတွင်း အခြားသိမှတ်ဖွယ်သတင်းများ

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ဆင်ဖြည့်စွက်ဖို့ နိုင်ငံရေးပါတီတွေနဲ့ စစ်ကောင်စီရဲ့ အမျိုးသားစည်းလုံး ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) တို့ နေပြည်တော်မှာ ဩဂုတ် ၂၁ ရက်နဲ့ ၂၂ ရက်နေ့မှာ တွေ့ဆုံဆွေးနွေးကြတယ်လို့ စစ်ကောင်စီ သတင်းစာတွေက ဖော်ပြပါသည်။ ဆွေးနွေးပွဲမှာ စစ်ကောင်စီရဲ့ NSPNC ဘက်က ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်တက်ရောက်ခဲ့သလို နိုင်ငံရေးပါတီများ အစုအဖွဲ့ဘက် က ရခိုင်ဦးဆောင်ပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ဦးဆောင်တက်ရောက်ခဲ့ပါသည်။ အခြေခံဥပဒေပြင်ဆင်ရေး နှစ်ဖက် အဆိုပြုချက်တွေ၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး၊ လက်ရှိနိုင်ငံရေး အခြေအနေနဲ့ လုံခြုံရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်လို့ စစ်ကောင်စီ သတင်းစာတွေက ဖော်ပြပါသည်။

ဩဂုတ် ၂၃ ရက်တွင် နေပြည်တော်၌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့၏ မဟာမိတ်အဖွဲ့ (7 EAO Alliance) အနက် ရခိုင်ပြည် လွတ်မြောက်ရေးပါတီ(ALP)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ (PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) စသည့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် ခြောက်ဖွဲ့ တက်ရောက်ခဲ့ပြီး 7 EAO Alliance အဖွဲ့ဝင် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ RCSS/SSA မှ တက်ရောက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

စစ်ကောင်စီသည် ဩဂုတ်လ ၁၆ ရက်တွင် ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအမည်ဖြင့် ဗဟိုကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးနောက် လုံခြုံရေး အကြောင်းပြကာ အသက် ၃၅ နှစ်မှ ၆၅ နှစ် အရွယ်ရှိ အမျိုးသား ၁၀ ဦး ပါအစုအဖွဲ့တခုစီ ရပ်ကွက်ကျေးရွာတိုင်း၌ ဖွဲ့စည်းရန် ဩဂုတ်လ ၂၃ ရက်က အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

စစ်ကောင်စီရဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က ညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် လူမှုစီးပွားမြှင့်တင်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်တယ်လို့ ဩဂုတ် ၂၇ ရက်မှာ ထုတ်ပြန်ပါလိုက်သည်။

တရုတ်သံအမတ်ကြီး မစ္စ မာကျားနဲ့ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေတို့ဟာ နေပြည်တော်မှာ ဩဂုတ် ၂၇ ရက်က တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံက တရုတ်စီမံကိန်းတွေနဲ့ တရုတ်နိုင်ငံသားဝန်ထမ်းတွေကို

အကာအကွယ်ပေးရေးကိစ္စအတွက် နှစ်ဖက် ပြောဆိုဆွေးနွေးတယ်လို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးရဲ့ ဩဂုတ်လ ၂၇ ရက် ထုတ်ပြန်ချက်မှာ ဖော်ပြထားပါသည်။

တအာင်းလွတ်မြောက်ရေးတပ် TNLA ကို တိုက်ပွဲတွေ ချက်ချင်းရပ်တန့်ဖို့ တရုတ်ဘက်က သတိပေးလိုက်ပါသည်။ ဩဂုတ် ၂၉ ရက်စွဲနဲ့ ရွှေလီမြို့ လုံခြုံရေးကော်မတီက ပေးပို့တဲ့စာအရ ‘‘တရုတ်ရဲ့သတိပေးချက်အတိုင်း မပူးပေါင်းရင် အကျိုးဆက် တွေအားလုံးကို တာဝန်ယူရမယ်”လို့ ရေးသားထားပါသည်။

လာမည့် စက်တင်ဘာလ ၁ ရက်နေ့ကစပြီး နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားခတွေကို နှစ်ဆကျော် တိုးမြှင့်ကောက်ခံမယ်လို့ စစ်ကောင်စီရဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဩဂုတ် ၃၀ ရက်မှာ ကြေညာပါသည်။

ရွှေရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၃ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမယ်လို့ စစ်ကောင်စီက ၂၀၂၄ ခု ပြည်ထောင်စု အခွန်အကောက်ဥပဒေ ပြင်ဆင်ချက်ထဲမှာ ထည့်သွင်းလိုက်ပါသည်။ အရင်က ရွှေထည်ဝယ်ယူသူတွေထံကနေ ကုန်သွယ်လုပ်ငန်းခွန် ၁ ရာခိုင်နှုန်းပဲ ကောက်ခံဖို့ ပြဋ္ဌာန်းထားတာဖြစ်ပြီး ရွှေတုံးအရောင်းအဝယ်အပေါ်မှာတော့ အခွန်ကောက်ခံခြင်း မရှိခဲ့ဘဲ အခုအခါမှာ ရွှေအထည်တွေအပြင် ရွှေတုံးတွေ အပေါ်မှာပါ ကုန်သွယ်လုပ်ငန်းခွန် ၃ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံဖို့ သတ်မှတ်လိုက်ပါသည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV, Than Lwin Times, Khonumthung Burmese.**